**ဘုရားသခင်၏ဖန်ဆင်းခြင်းက သင့်အား သူ၏ချစ်ခြင်းမေတ္တာကို ထုတ်ဖော်ပြသခြင်းပင်ဖြစ်သည်။**

**ဘု**ရားသခင်သည် သင့်ကိုချစ်ပါသလား? သူက သင်နေထိုင်အသက်ရှင်ရန် သင့်အားပေးထားသော အလွန်တရာ လှပသည့် ကမ္ဘာမြေကြီးပေါ်တွင် သင့်အနေနှင့် ထိုအချက်ကို တွေ့မြင်ခံစားနိုင်သည်။ သင့်ပတ်ပတ်လည်ရှိ ဘုရားသခင်၏လှပသော ဖန်ဆင်းခြင်းကို လှည့်လည်ကြည့်ရှုပြီး သူသည်သင့်ကိုချစ်ကြောင်းသိရလိမ့်မည်။ သင်စံစားခံစားရန်အတွက် သူကပြုလုပ်ထားပေးခဲ့သော အရာအားလုံးမှ သူ၏ ချစ်ခြင်းမေတ္တာက ထင်သာမြင်သာ ရှိလှပါသည်။

ဘုရားသခင်၏ စိတ်ရှည်သီးခံခြင်းနှင့် သနားခြင်းဂရုဏာတော်ကို ကြည့်ပါ။ မွေးဖွားခဲ့သည့် လူသားတိုင်းထံသို့ သူ၏ချစ်ခြင်းမေတ္တာကို ပြသရန်အတွက် တချိန်က သူသည် မှောင်မိုက်လွှမ်းမိုးခြင်းခံနေရသည့် လူ့နှလုံးသားတွင်းသို့ အမှန်တရားထွန်းလင်းစေရန် သူ၏အလင်းကိုစေလွှတ်ခဲ့သည်။ (ယော ၁း၉) ဤလှပသောအရာအားလုံးကို ဘုရားသခင်သည် တရားမျှတမှုရှိသော သူတို့ အပေါ်သို့ပင်လျှင် သွန်းလောင်းတော်မူ၏။ နေ့စဉ်နေ့တိုင်း သူတို့အပေါ်သို့ နေရောင်ခြည်ကို ပို့ဆောင်ဆဲ ပန်းပင်များကြီးထွားရန် လှပသော သစ်ပင်များ မျက်ပင်များပေါ်သို့ မိုးရေကိုပေးဆဲမိုးကောင်းကင်တိမ်များကောင်းကင်များ နေလ ကြယ်များနှင့် အခြားကျန်ရှိနေသေးသည့်ဘုရားရှင်၏ အံ့သြဖွယ်ရာဖန်ဆင်းခြင်းအားလုံးကို ပေးထားဆဲဖြစ်သည်။ (မဿဲ ၅း၄၅)

ဘုရားသခင်က သင့်ကိုချစ်ကြောင်းအား သင်မယုံလျှင် ပတ်ပတ်လည်မှ သူ၏ ကောင်းချီးမင်္ဂလာများကိုသာ ကြည့်ရှုပါ။ သူ့အနေနှင့် နောက်ထပ်ဘာကို ပြောနိုင်ဦးမည်နည်း? သူ့အနေနှင့် ဘဝအသက်တာကို အလွန်တရာကောင်းမွန်အောင် သို့မဟုတ် ကမ္ဘာကြီးကို အလွန်တရာလှပအောင် ပြုလုပ်ခဲ့ရန် မလိုအပ်ခဲ့။ သို့သော် သူပြုလုပ်ခဲ့ပြီး သူပြုလုပ်ခဲ့သည်မှာလည်း သင့်အတွက်သာဖြစ်သည်။